## "မြှင့်တင်ကြိုးပမ်းငါးလုပ်ငန်း"

၁။ မြန်မာနိုင်ငံ၏ရေချိုငါးသယံဇာတအတွက် အဓိကပံ့ပိုးပေးလျှက်ရှိသော အကြောင်းအရာများမှာ မုတ်သုံမိုးနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ထို့အပြင် မြန်မာ့ရေချိုအင်းများ၊ မြစ်ချောင်း အသီးသီး၏ ရေစီးရေလာကောင်းမွန်မှု၊ ငါးနေငါးထိုင်အတွက် သဘာဝသြဇာဓါတ်များ ကောင်းမွန်မှုတို့သည်အဓိကကျလှုပါသည်။ ထို့အပြင် ငါးများလွယ်ကူစွာ ရွှေ့ပြောင်းသွားလာနိုင်သော သဘာဝ ရေလမ်းကြောင်း ( Migratory Route ) ကောင်းမွန်ခြင်း၊ ငါးနေငါးထိုင်များကောင်းခြင်း ( Fish Habitats )၊ ငါးမျိုးပေါက်ဖွားရာနေရာ ( Spawning Ground ) များ ကောင်းခြင်းနှင့် ရေထုညစ် ညမ်းမှုမရှိခြင်း စသည့် အခြေခံအချက်များပေါ် မှီတည်နေပါသည်။



၂။ အထူးသဖြင့် မြန်မာနိုင်ငံ၏ ပြောင်းလဲလာသောရာသီဉတုကြောင့် မုတ်သုံမိုးသည် ရေချိုငါး လုပ်ငန်းအတွက် အထူးအရေးပါလှုပါသည်။ ရာသီဉတုမှန်ကန်ခြင်း(သုံးရာသီ)၊ နှစ်စဉ်မိုးရေချိန်လက်မများ အပြောင်းအလဲရှိသော်လည်း သဘာဝအတိုင်းဖြစ်ခြင်း၊ ရေစီးရေလာကောင်းမွန်ခြင်း၊ ငါးများအား မျိုးပွားခွင့်ပေးခြင်း ( ငါးရစ်၊ ငါးသန်ချိန် များတွင် ဉပါမျိုးငါးကြီးများအား မဖမ်းဆီးခြင်း )၊ သဘာဝအင်းအိုင်များမပျက်စီးရေး၊ အလွန်အကျွံ ငါးဖမ်းဆီးမှုမရှိစေရေး၊ တရားမဝင်ငါးဖမ်းဆီးခြင်း ( Illegal , Unreported , Unregulated Fishing – IUU Fishing ) ပပျောက်ရေး နှင့် ရေထုညစ် ညမ်းမှုနည်းပါးခြင်းစသည့် အချက်များသည် ရေချိုငါးသယံဇာတ ရေရှည်တည်တံ့ရေးအတွက် အကျုံးဝင်သော အချက်များဖြစ်ပါသည်။

၃။ နှစ်စဉ်တိုးတက်လာမည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံမှုရှိစေရန် (Food Security) စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေး (Sustainable Fisheries ) ကို မဖြစ်မနေ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်သော ငါးပုစွန်များထုတ်လုပ်နိုင်ရန် (Food Safety) အတွက် မွေးမြူရေး ဌာနခွဲမှ နေ၍ ASEAN ECONOMIC COMMUNITY BLUE PRINT ၏ Road Map အရ ရေတွင်မွေးမြူရေးလုပ်ငန်းများအတွက် ကောင်းမွန်သောမွေးမြူထုတ်လုပ်မှုကျင့်စဉ် (GAqP) စနစ်ကို ၂၀၁၂ ခုနှစ်မှစ၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ရေချိုငါးမွေးမြူရေး လုပ်ငန်းရှင်များမှ GAqP ကို အင်းတိုက်အားတိုက်ဆောင်ရွက်ခြင်းဖြင့် ပြည်ပသို့မွေးမြူရေး ထွက်ကုန်များတိုးချဲ့ တင်ပို့နိုင်ပြီး ငါးကဏ္ဍအတွက် နိုင်ငံခြားဝင်ငွေပိုမိုရှာဖွေနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရေချိုငါးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင်အောက်ဖော်ပြပအချက်များကို အစစ်ဆေးခံနိုင်ရန် ဆောင်ရွက်ထားရှိခြင်းအားဖြင့် GAqP certificate ကို ငါးဦးစီးသို့ လျှောက်ထားရ ယူရန်လိုအပ်မည်ဖြစ်ပါသည်–

**၁။ ငါးမွေးမြူမည့်မြေနေရာစစ်ဆေးခြင်း**

က.ငါးမွေးမြူသောကန်သည် ငါးလုပ်ငန်းဦးစီးဌာနမှ ခွင့်ပြုချက်/လုပ်ငန်း လိုင်စင်ရယူ ထားသော မြေနေရာဖြစ်ရမည်။ ငါးမွေးမြူသောမြေနေရာပိုင်ဆိုင်မှု၊ ငါးမွေးမြူခွင့် လိုင်စင် အထောက်အထားများ နှင့် နှစ်စဉ် ငါးလုပ်ငန်းဦးစီးဌာနသို့ ငွေပေးသွင်းထားသောချလန်များ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

ခ.ငါးမွေးမြူသောနေရာ၏ရေနှင့်မြေအရင်းအမြစ်ကောင်းမွန်မှု၊ ရေဝင်ရေထွက်စနစ်များ၊ လမ်း ပန်းဆက်သွယ်ရေး နှင့် ဝန်ထမ်းများအတွက် အခြေခံအဆောက်အဦးများ ရှိ/မရှိ အစစ်ဆေးခံနိုင် ရမည်။ (သာမန်စစ်ဆေး)

**၂။ငါးမွေးကန်များအတွက် စီမံခန့်ခွဲခြင်း**

က. ရေဆိုးစွန့်ထုတ်ရန် ချမှတ်ထားသော နည်းလမ်းများ (သို့မဟုတ်)ဆောင်ရွက် ထားမှု များ အစစ်ဆေး ခံနိုင်ရမည်။ (အဓိကစစ်ဆေး)

ခ.ငါးမွေးမြူရေးကန် တည်နေရာပြမြေပုံများအတိုင်းမှန်ကန်မှုရှိ/မရှိ၊ နည်းပညာပိုင်းဆောင် ရွက်ထားရှိမှု နှင့် ငါးမွေးမြူခြင်းဆိုင်ရာ သင်တန်းများတက်ရောက်ခြင်းရှိ/မရှိ အစစ်ဆေးခံနိုင်ရမည်။ (သာမန်စစ်ဆေး)

**၃။ရေမြေအရည်အသွေးစစ်ဆေးခြင်း**

**က.** ငါးပုစွန်ကန်ပြင်ဆင်ခြင်း မှတ်တမ်းများ၊ ပုံမှန်ရေအရည်အသွေး ထိန်းသိမ်းစစ်ဆေးထားရှိမှု မှတ်တမ်းများ နှင့် ရေလဲလှယ်မှုအခြေအနေများကို အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

ခ. ရောဂါကျရောက်ခဲ့လျှင် ရေသွင်းရေထုတ်ဆောင်ရွက်ထားရှိမှုအကြိမ်များ နှင့် ရေအရည် အသွေးကောင်းမွန်စေရန် အသုံးပြုသော ဓါတုဆေးဝါး မှတ်တမ်းများ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

ဂ.ငါးပုစွန်မွေးကန်မြေ/ရေအရည်အသွေးတိုင်းတာစစ်ဆေးထားသောမှတ်တမ်းများ၊ ဝယ်ယူထား သော ငါးသားပေါက်မှတ်တမ်း၊ သားပေါက်ထည့်သွင်းနှုန်း၊ အစာကျွေးနှုန်း နှင့် ရေလဲလှယ်နှုန်း စသည့် မှတ်တမ်းများ အစစ်ဆေးခံနိုင်ရမည်။ (သာမန်စစ်ဆေး)

**၄။သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများစစ်ဆေးခြင်း**

က.အမှိုက်သရိုက်ပုံး၊ စွန့်ပစ်ပစ္စည်းပုံးများ၊ အိမ်သာများ၊ နှင့် စွန့်ပစ်ရေဆိုးများထားရှိသော နေရာ နှင့် ဝေးသောနေရာတွင် ငါးပုစွန်မွေးကန်များထားရှိခြင်း အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

ခ.မွေးကန်အသုံးအဆောင်ပစ္စည်းများသန့်ရှင်းမှုရှိမရှိ နှင့် ကြွက်ခြင်းယင် အန္တရာယ်ကာကွယ် ထားမှုရှိမရှိ အစစ်ဆေးခံနိုင်ရမည်။ (သာမန်စစ်ဆေး)

**၅။ငါးပုစွန်ရောဂါကာကွယ်ထိန်းချုပ်ခြင်း**

က.ရောဂါဖြစ်ပွားပြီး ဓါတုဆေးဝါးများအသုံးပြုရန်လိုအပ်ခဲ့လျှင် နိုင်ငံတကာမှ မွေးမြူ ရေး အတွက် တရားဝင်အသုံး ပြုရန် ခွင့်ပြုထားသော ဓာတု ဆေးဝါးများ နှင့် ပဋိ ဇီဝ ဆေး ဝါး များကို အညွှန်းစာအတိုင်း သုံးစွဲ ခြင်း နှင့် နိုင်ငံတကာမှအသုံးမပြုရန် တားမြစ် ထားသော ဓါတုဆေးဝါး နှင့် ပဋိ ဇီဝဆေးဝါးများ သုံးစွဲခြင်း ရှိမရှိ အစစ်ဆေးခံနိုင်ရမည်။(အဓိကစစ်ဆေး)

ခ.ရောဂါဖြစ်ပွားသောနေရာ တွင် တာဝန်ရှိသူများထံသတင်းပို့ခြင်း/ ဆောင်ရွက်ထားရှိမှု မှတ်တမ်းများစစ်ဆေးခြင်း/ ဖယ်ရှားရှင်းလင်းခြင်း နှင့် စွန့်ထုတ်ရေများ စနစ်တကျ ဆောင်ရွက်ထားရှိမှု မှတ် တမ်းများ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

ဂ. အသုံးအဆောင်ပစ္စည်း များသန့်ရှင်းမှုရှိမရှိ အစစ်ဆေးခံနိုင်ရမည်။ (သာမန်စစ်ဆေး)

**၆။ ငါးမွေးကန်များတွင်ဆောင်ရွက်ထားရှိရမည့်အချက်များ**

က.ငါးသားပေါက်စခန်း (သို့မဟုတ်) ငါးသားပေါက်ဝယ်ယူသည့်နေရာများမှ ဝယ်ယူသည့် ငါးသားပေါက်မှတ်တမ်း Fry Movement Document (FMD) တွင် ငါးလုပ်ငန်းဦးစီးဌာန၏ ထောက်ခံချက် ပါဝင်မှုရှိမရှိ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး) (ငါးလုပ်ငန်းဦးစီးဌာနမှ Good Hatchery Practices ကို အခြေခံထားသောငါးသားဖောက်ထုတ်လုပ်မှုမှတ်တမ်းများကို စစ်ဆေးပြီးမှ FMD ထုတ်ပေးခြင်း)

ခ. အသုံးပြုရန် တင်သွင်း (သို့မဟုတ်) ဝယ်ယူထားသော အစာ ၊ဖြည့်စွက်စာ နှင့် အား ဆေးများ၏ ဓါတ်ခွဲခန်း စစ်ဆေးချက်မှတ်တမ်းများ နှင့် အသုံးပြုသည့်တံဆိပ်များ၊ သက်တမ်း ကုန်ဆုံးရက်၊ အသုံးပြုခြင်းမှတ်တမ်းအစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

ဂ.မွေးကန်များတွင် အစာပြင်ဆင်ထုတ်လုပ်ရာ၌ တရားမဝင်ခွင့်ပြု ထားသော ဓာတုဆေး ဝါး များ နှင့် ပဋိဇီဝဆေးဝါး များ ထည့်သွင်းအသုံးပြုခြင်းရှိမရှိ ဓါတ်ခွဲခန်းရလာဒ်မှတ်တမ်းများ အစစ်ဆေး ခံနိုင်ရမည်။ (အဓိကစစ်ဆေး)

ဃ.မွေးကန်များတွင် သုံးစွဲသော အစာများသန့်ရှင်းမှုရှိမရှိ၊ အဟာရပါဝင်မှုရှိမရှိ နှင့် လုပ်ငန်း သုံးပစ္စည်းများ သန့်ရှင်းမှုရှိမရှိ အစစ်ဆေးခံနိုင်ရမည်။ (သာမန်စစ်ဆေး)

**၇။ ဖော်ထုတ်ဖမ်းဆီးခြင်း နှင့် သယ်ယူပို့ဆောင်ဖြန့်ချီရာ၌လိုက်နာရမည့်အချက်များ**

**က**.ဖော်ထုတ်ဖမ်းဆီးခြင်းမပြုလုပ်မီ ပဋိဇီဝဓာတုဓော်ကြွင်း များရှိ/မရှိ နှင့် အညွှန်းပမာ ဏ ထက် ကျော်လွန်သုံးစွဲမှုရှိမရှိ ဓါတ်ခွဲရလာဒ်များ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

ခ.ငါးပုစွန်ဖော်ထုတ်ဖမ်းဆီးခြင်း နှင့် သယ်ယူပို့ဆောင်ခြင်းနည်းလမ်းများတွင် အရည် အသွေး ကောင်းမွန်စေရန် နှင့် သန့်ရှင်းမှုရှိစေရန် ပြုလုပ်သောအစီအမံများ အစစ်ဆေးခံနိုင် ရမည်။ (အဓိက စစ်ဆေး)

အထက်ဖော်ပြပါအချက်အလက်များကို အစစ်ဆေးခံနိုင်ရန် ကြိုတင်ပြင်ဆင်ထားခြင်း အား ဖြင့် GAqP certificate ကို ရယူလျှောက်ထားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် မွေးမြူရေးဌာနခွဲမှ ငါးမွေးမြူရေးလုပ်ငန်းရှင်များအား ကွင်းဆင်း၍ အဓိကစစ်ဆေးချက်များကို ၁၀၀% ပြည့်စုံအောင် စစ်ဆေးမည်ဖြစ်ပြီး သာမန်စစ်ဆေးမှုများကို ၆၀% ထက်မနည်းဘဲ စစ်ဆေးပြီးမှသာ certificate ထုတ်ပေးခြင်းအားဖြင့် ASEAN Road Map အရ နိုင်ငံခြားသို့ မွေးမြူရေးထွက်ကုန်များကို တင်ပို့ရောင်းချပြီး နိုင်ငံခြားဝင်ငွေပိုမိုရှာဖွေနိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနမှနေ၍ ပြောင်းလဲလာ သော နည်းပညာများနှင့်အညီ လုပ်ငန်းရှင်များကို ငါးမွေးမြူထုတ်လုပ်နိုင်ရန် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ငါးလုပ်ငန်းကိုမြှင့်တင်ကြိုးပမ်းကြပါစို့ဟု ရေးသားတိုက် တွန်း လိုက်ရပါသည်။

**ဉမ္မာအောင်(ငါးဦးစီး)**

ကိုးကားချက်။ FAO GAqP guideline for Aquaculture,2005.